စာအမှတ် ၂၈၃၀၄
၁၂.၆.၁၃
ရက်စွဲ
အချိန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၄၀ /၂၀၁၃

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

(၂၀၁၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

# ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲဇယားပါ အမှတ်စဉ် ၁၄ ကို ပူးတွဲပါအတိုင်း အစားထိုးရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၉ - ၆ - ၂၀၁၃ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁(၄၂၃၄/၂၀၁၃)

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၉ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ( မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန် ) မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

အမိန့်အရ

(မောင်မောင်ဝင်း)

ဒုတိယဝန်ကြီး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

D:\AMT(23-24)\Revenue\VPA ပြင်ဆင်မိန့် (8-6-2023).docx

## ပုံမှန်တင်သွင်းလာသည့် ယာဉ်/ ယန္တရားများ၊ စိမ်ချက်ဖြင့် တင်သွင်းလာသည့် ယာဉ်များနှင့် အထွေထွေကုန်ပစ္စည်းအပေါ် ဒဏ်ကြေးသတ်မှတ်ခြင်း

| စဉ် | ဖြစ်မှု | ပုံမှန်တင်သွင်းသော ယာဉ်/ ယန္တရားများ၊ စိမ်ချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | | အထွေထွေကုန်ပစ္စည်းများ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရှင်းလင်းချက် | ဖြစ်ဒဏ် | ရှင်းလင်းချက် | ဖြစ်ဒဏ် | |
| ၁၄။ | Valid for Prior Arrival(VPA) လိုင်စင်/ပါမစ် ခွင့်ပြုချက်မရမီ ကုန်ပစ္စည်းရောက်ရှိခြင်း၊ ကုန်ပစ္စည်းရောက်ရှိပြီးမှ လိုင်စင်/ပါမစ် ပြင်ဆင်ချက်ရရှိခြင်း။ | (1) day to (20) days | ကင်းလွတ် | (1) day to (30) days | ကင်းလွတ် | (၁) CMP ပစ္စည်းများအတွက် VPA ဒဏ်ကြေး(၄၅) ရက်အထိ ကင်းလွတ်ခွင့်ပြုပါသည်။<br>(၂) လေယာဉ်အပိုပစ္စည်းများအတွက် VPA ဒဏ်ကြေး ကင်းလွတ်ခွင့်ပြုပါသည်။<br>(၃) လိုင်စင်/ပါမစ် သက်တမ်းတိုးနှင့် ပတ်သက်၍ နောက်ကျ၍သက်တမ်းတိုးသော်လည်းသက်တမ်း တစ်ဆက်တည်း တိုးမြှင့်ခွင့်ရရှိလျှင် ဤအပိုဒ်ဖြင့် အရေးယူဆောင်ရွက်ရန်မလိုပါ။ |
| | | (21) days to (30) days | 1/24 AV | (31) days to (40) days | 1/90 AV | |
| | | (31) days to (40) days | 1/4 AV | (41) days to (50) days | 1/48 AV | |
| | | (41) days to (50) days | 1/2 AV | (51) days to (60) Days | 1/24 AV | |
| | | (51) days to (60) Days | 1 AV | (61) days to (70) Days | 1/8 AV | |
| | | (61) days နှင့် အထက် | သိမ်းဆည်း | (71) days to (80) Days | 1/4 AV | |
| | | | | (81) days to (90) Days | 1 AV | |
| | | | | (91) Days နှင့် အထက် | သိမ်းဆည်း | |